## နိဒါန်း

*ဂျုဒ်ထံမှ ရေးသားပေးပို့သော စာစောင်၏ရည်ရွယ်ချက်မှာ မိမိတို့ကိုယ်ကိုယုံကြည်သူများဟု ခေါ်ဆိုကြသည့် အတုအယောင်ဆရာများနှင့်ပတ်သက်၍ သတိပေးလိုခြင်းဖြစ်၏။ ဤစာတိုတွင် ပါရှိသည့်အကြောင်းအရာများသည် **ပေတရု**ရေးသားသော ဒုတိယစာစောင်တွင်ပါရှိသည့် အကြောင်းအရာများနှင့် တူညီပေသည်။ ဘုရားသခင်၏ လူမျိုးတော်အား အပြီးအပိုင်ပေးသနားတော်မူသော ယုံကြည်ခြင်းတရားတော်ကို ဆက်လက်၍ ကာကွယ်ကြရန် စာရေးသူက အားပေးတိုက်တွန်းထားသည်။*

*အကြောင်းအရာအကျဉ်းချုပ်*

***– နိဒါန်း*** *၁း၂*

***–အတုအယောင်ဆရာများ၏စရိုက်၊ သွန်သင်ချက်နှင့် ကံကြမ္မာ*** *၁း၃–၁၆*

***– ယုံကြည်ခြင်းကိုထိန်းသိမ်းရန် သတိပေးဆုံးမခြင်း*** *၁း၁၇–၂၃*

***– ကောင်းချီးပေးခြင်း*** *၁း၂၄–၂၅*

## အခန်းကြီး (၁)

၁။ ခရစ်တော်**ယေရှု**၏အစေခံနှင့် **ဂျိမ်း(စ်)**၏ညီဖြစ်သူ
**ဂျုဒ်**ထံမှ ဘုရားသခင် ရွေးကောက်တော်မူသော၊
ခမည်းတော်ဘုရားသခင်၏မေတ္တာတော်၌ခိုလှုံလျက်
ခရစ်တော်**ယေရှု**၏ ကာကွယ်စောင့်မခြင်း ခံရကြ
သော သူအပေါင်းတို့ထံသို့ စာရေးသားပေးပို့ လိုက်
၂။ သည်။ သင်တို့သည်ကရုဏာတော်၊ငြိမ်သက်ခြင်းနှင့်
မေတ္တာ တော်ကိုအပြည့်အဝခံစားရကြပါစေ။

### အတုအယောင်ဆရာများ

၃။ ငါချစ်ဆွေတို့၊ ငါတို့အားလုံး တန်းတူခံစားရသည့်
ကယ်တင်ခြင်းအကြောင်းကို ငါသည် သင်တို့ထံစာ
ရေးရန် ကြိုးစားခဲ့၏။ ဘုရားသခင်၏ လူမျိုးတော်
အားအပြီးအပိုင်ပေးသနားတော်မူသောယုံကြည်ခြင်း
တရားတော်ကိုဆက်လက်၍ ကာကွယ်ကြရန်သင်တို့
ထံချက်ချင်းစာရေး၍အားပေးတိုက်တွန်းရန် လိုအပ်
၄။ နေပေပြီ။အဘယ်ကြောင့်ဆိုသော်တရားမဲ့သူလူအချို့
တို့သည်သင်တို့အထဲသို့အမှတ်မထင်ဝင်ရောက်လျက်
ရှိနေသောကြောင့်ပင်ဖြစ်၏။သူတို့သည်ဘုရားသခင်
၏ကျေးဇူးတော်ကိုကိလေသာ၏ ညစ်ညူးခြင်းနှင့်
မှောက်လှန်လျက် ငါတို့၏တစ်ပါးတည်းသောအရှင်
သခင် ဖြစ်တော်မူသည့် သခင်**ယေရှု**ခရစ်တော်ကို
ငြင်းပယ်ကြလေသည်။ ထိုသူတို့ကား ရှေးမဆွက
ပင်လျှင် အပြစ်ဒဏ်စီရင်ရန်သတ် မှတ်ထားခြင်း
ခံရကြသူများဟုသမ္မာကျမ်းတော်ကဟောကိန်းထုတ်
၅။ ခဲ့၏။ ထာဝရဘုရားသည်**အစ္စရေးလ်** လူမျိုးတို့အား
ကယ်တင်ရန် **အီဂျစ်**ပြည်မှ ထုတ်ဆောင်လာတော်မူ
ပြီးနောက် ကိုယ်တော်အား မယုံကြည်သူတို့ကို
တစ်ဖန်ပျက်စီးစေတော်မူကြောင်းကို သင်တို့သိရှိကြ
ပြီးဖြစ်သော်လည်းသင်တို့အား ငါလည်းသတိပေးလို
၆။ သည်။မိမိတို့ရရှိသောအာဏာနှင့်မရောင့်ရဲဘဲနေရင်း
ဌာနကို စွန့်ခွာသွားကြသည့် ကောင်းကင်တမန်များ
အကြောင်းကိုလည်း သတိရကြလော့။ ဘုရားသခင်
သည် မိမိ၏တရားစီရင်တော်မူရာနေ့ကြီး၌ သူတို့
အားအပြစ်ဒဏ်ပေးရန် မှောင်မိုက်ရာ အောက်အရပ်
တွင် ထာဝရသံကြိုးများဖြင့် ချည်နှောင်၍ထားတော်
၇။ မူ၏။ **ဆောဒုံ**နှင့်**ဂေါမောရာ**မြို့တို့ကိုလည်းကောင်း၊
ထိုမြို့များ၏ ပတ်ဝန်းကျင်မြို့များကိုလည်းကောင်း
သတိရကြလော့။ ထိုမြို့သူမြို့သားတို့သည် အဆိုပါ
ကောင်းကင်တမန်များကဲ့သို့ ဘုရားသခင်ကိုထိခိုက်
ခဲ့ကြ၏။ထိုသူတို့သည် ကာမဂုဏ်အမှုတို့၌လိုက်စား
၍သဘာဝနှင့်ဆန့်ကျင်သည့် အပျော်အပါးကိုလိုက်
စားခဲ့ကြ၏။ လူအပေါင်းတို့အားရှင်းလင်းပြတ်သား
စွာသတိပေးသည့်အနေဖြင့် သူတို့သည်ထာဝရ
တောက်လောင်သောမီးတွင် အပြစ်ဒဏ်ကိုခံရကြ
၈။ သည်။ ဤဘုရားမဲ့သောသူတို့သည်လည်း ထိုသူတို့
နည်းတူပင်ဖြစ်ကြ၏။ သူတို့သည် မိမိတို့ မြင်မက်
သောရူပါရုံများကြောင့်မိမိတို့၏ကိုယ်ခန္ဓာများကိုညစ်
ညမ်းစေကြ၏။ ဘုရားသခင်၏ အာဏာကို
မထီလေးစားပြုကြလျက် အထက်အရပ်မှ ဘုန်းအသ
၉။ ရေရှင်တို့ကို စော်ကားကြ၏။ကောင်းကင်တမန်တော်
**မိက္ခာအဲလ်**ပင်လျှင် ဤအမှုမျိုးကိုမပြုချေ။ **မိုးဇက်**
၏ ကိုယ်ခန္ဓာကို အဘယ်သူယူသင့်သည်ဟူသော
အချက်နှင့် ပတ်သက်၍ နတ်ဆိုးနှင့်အငြင်းပွားရာ
တွင် သူသည် နတ်ဆိုးအား ပြစ်တင်ရှုတ်ချမှုကိုမပြုပဲ့
ဘဲ "သင့်အား ထာဝရဘုရား ဆုံးမတော်မူပါစေဟူ၍
သာ ပြောဆိုလေသည်။

၁၀။ "သို့ရာတွင် သူတို့သည်ကား မိမိတို့မသိ
နားမလည်သည့်အရာဟူသမျှကိုပြစ်တင်ရှုတ်ချတတ်
ကြ၏။ တောရိုင်းတိရစ္ဆာန်များနည်းတူ မိမိတို့၏
သဘာဝ အသိစိတ်အားဖြင့် သိရှိနည်းအရာများက
လည်း သူတို့အား ဆုံးရှုံးပျက်စီးစေတတ်ကြ၏။
၁၁။ သူတို့သည် အမင်္ဂလာရှိကြ၏။ သူတို့သည်ကား
'ကိန်း'၏လမ်းစဉ်ကို လိုက်ကြလေကုန်ပြီ။ ငွေကိုစုံ
မက်သဖြင့် **ဘာလမ်**၏အမှားမျိုးကို ပြုကြလေပြီ။
**'ကောရ'**ကဲ့သို့ တော်လှန်ပုန်ကန်ကြသဖြင့် ဆုံးရှုံး
ပျက်စီးကြကုန်၏။
၁၂။ သူတို့သည် အရှက်ကင်းမဲ့စွာ ပျော်ရွှင်စားသောက်
ကြလျက် သင်တို့၏ မိတ်သဟာယပွဲများတွင် သင်
တို့၏ဂုဏ်သိက္ခာကိုစွန်းထင်းစေကြ၏။ ထိုသူတို့
ကား ကိုယ်ကျိုးကိုသာ ကြည့်တတ်သူများတည်း။
သူတို့သည် မိုးရေမပါဘဲ လေတိုက်ရာသို့ လွင့်ပါ
သွားတတ်သော မိုးတိမ်များ ကဲ့သို့လည်းကောင်း၊
ဆောင်းဦးကာလတွင် အသီးမသီး၊ အမြစ်မှဆွဲနှုတ်
ထားသည့် လုံးလုံးသေနေသည့် သစ်ပင်များကဲ့သို့
၁၃။ လည်းကောင်းတူကြ၏။ သူတို့သည် ပြင်းထန်လှ
သည့် ပင်လယ်လှိုင်းတံပိုးနှင့်လည်းတူကြ၏။ သူ
တို့၏ရှက်ဖွယ်ကောင်းသည့် အကျင့်များသည် ပင်
လယ်လှိုင်းတံပိုးများမှ ရေမြှုပ်များကဲ့သို့ ပေါ်လွင်
လျက်ရှိ၏။သူတို့သည် လမ်းကြောင်းအတည်တကျ
မရှိသည့် ကြယ်များနှင့်လည်း တူကြ၏။ သူတို့
အတွက် ဘုရားသခင်သည် အမှောင်မိုက်ဆုံး ဖြစ်
သည့် အောက်အရပ်အတွင်း ထာဝစဉ်နေရာသတ်
၁၄။ မှတ်၍ ထားတော်မူ၏။ **အာဒံ**မှ ဆင်းသက်သော်
သတ္တမမြောက်သောသူ**'ဧနောက်'**ကဤသူတို့အကြောင်း
နှင့်ပတ်သက်၍ဘုရားသခင်သည်အတိုင်းမသိများစွာ
သောမိမိ၏ မြင့်မြတ်သန့်ရှင်းသော ကောင်းကင်
၁၅။ တမန်များနှင့် ကြွလာတော်မူ၍၊ တစ်ကမ္ဘာလုံးကို
တရားစီရင်တော်မူလိမ့်မည်။ လူအပေါင်းတို့အားမိမိ
တို့၏ဆိုးသွမ်းယုတ်မာမှုများအတွက်လည်းကောင်း၊
ဘုရားမဲ့အပြစ်သားတို့ ဘုရားသခင်အား ရိုင်းပြစွာ
ပြစ်မှားပြောဆိုကြသည့် စကားများအတွက် အပြစ်
ဒဏ်စီရင်တော်မူလိမ့်မည်ဟု ရှေးမဆွကပင်လျှင်ကြို
တင်ဟောပြောခဲ့လေသည်။
၁၆။ ဤလူတို့သည် အစဉ်ညည်းညူကာ သူတစ်ပါး
အားအပြစ်တင်လျက်သာနေတတ်ကြ၏။ မိမိတို့၏
ဆိုးညစ်သည့် လိုအင်ဆန္ဒကိုလိုက်၍ ပြုကျင့်တတ်
ကြ၏။ ကိုယ်ကျိုးအတွက် သူတစ်ပါးတို့အား
မြှောက်ပင့်ပြောဆိုတတ်ကြ၏။

## သတိပေးချက်နှင့်ညွှန်ကြားချက်များ

၁၇။ သို့ရာတွင် ငါ့ချစ်ဆွေတို့ ငါတို့အရှင်သခင်**ယေရှု**
ခရစ်တော်၏တမန်တော်များမှသင်တို့အား ယခင်က
ပြောကြားခဲ့သည့်စကားကို သတိရကြလော့။
၁၈။ ထိုတမန်တော်တို့က ပြောသည်မှာ နောက်ဆုံးသော
ကာလ၌သင်တို့ကိုပြောင်လှောင်ကြသောသူများ၊ မိမိ
တို့လိုအင်ဆန္ဒရှိသည့်အတိုင်း ဘုရားမဲ့ ပြုမူကျင့်ကြံ
သူများ ပေါ်ပေါက်လာလိမ့်မည်ဟူ၍ ဖြစ်သတည်း။
၁၉။ ထိုသူတို့သည်အသင်းတော်ထဲတွင် စိတ်ဝမ်းကွဲပြား
စေသူများ၊ဝိညာဉ်တော်နှင့်ကင်း၍ဇာတိပကတိလိုက်
၂၀။ သူများဖြစ်ကြ၏။ သို့ရာတွင် ချစ်ဆွေတို့၊ သင်တို့
သည် မိမိတို့၏ အလွန်သန့်ရှင်းမြင့်မြတ်သည့် ယုံ
ကြည်ခြင်းအပေါ် အခြေပြု၍မိမိတို့ကိုယ်ကို တည်
ဆောက်ကြလော့။ မွန်မြတ်သော ဝိညာဉ်တော်ကို
အမှီပြု၍ဆုတောင်းပတ္ထနာပြုကြလော့။
၂၁။ ဘုရားသခင်၏ မေတ္တာတော်တွင် ခိုလှုံကြလော့။
အရှင်သခင်**ယေရှု** ခရစ်တော်သည် မိမိ၏ကရုဏာ
တော်၌သင်တို့အားထာဝရအသက်ကိုပေးတော်မူမည့်
၂၂။ နေ့ရက်ကိုစောင့်မျှော်၍နေကြလော့။ ယုံမှားသံသယ
ဖြစ်နေကြသော သူတို့အားကရုဏာပြကြလော့။
၂၃။ အချို့သောသူတို့ကို မီးထဲမှ ကယ်ဆယ်ကြလော့။
အချို့သောသူတို့အားကြောက်စိတ်ဖြင့်သနားကရုဏာ
ပြကြလော့။ ကာမဂုဏ်အညစ်အကြေးဖြင့် စွန်းကွက်
နေသည့်သူတို့၏အဝတ်အစားကိုမူကား စက်ဆုပ်ရွံ့
ရှာကြလော့။

## ဂုဏ်တော်ကို ချီးမွမ်းသည့်ဆုတောင်းပတ္ထနာ

၂၄။ သင်တို့ မပြိုမလဲကြစေရန် စောင့်ရှောက်တော်မူနိုင်
၍၊ သင်တို့အား အပြစ်ကင်းစင်စေလျက် ရွှင်လန်း
ဝမ်းမြောက်စွာ ဘုန်းသရေထွန်းတောက်ရာရှေ့တော်
၂၅။ မှောက်သို့ဝင်ရောက်ခွင့်ပေးနိုင်တော်မူသော အရှင်
သခင်**ယေရှု**ခရစ်တော်အားဖြင့် ငါတို့အား ကယ်
တင်တော်မူသော တစ်ဆူတည်းသော ဘုရားသခင်
အား ရှေးကာလမှစ၍ ယခုကာလနှင့်ကမ္ဘာအဆက်
ဆက်ဘုန်းအသရေ၊ တန်ခိုးအာနုဘော်တော် အစွမ်း
သတ္တိအားဏာတော်ရှိတော်မူစေသတည်း။ အာမင်။